Myanmar Garment Manufacturers Association

# NEWSLETTER

JULY 2022, ISSUE

## 4th MGMA New Members' Orientation 2022



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း မှကြီးမှူးကာ 4th MGMA New Members' Orientation 2022 ကို ဇူလိုင်လ ၁၈ ရက်က MGHRDC ၌ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင်ရှေးဦးစွာ MGMA ၏ ဒု-ဥက္ကဌ ဦးကျော်ဝင်းမှ အဖွင့်အမှာစကားပြောကြား ခဲ့ပြီးတက်ရောက်လာသည့် MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တစ်ဦးချင်းမိတ်ဆက် စကားပြောကြားခဲ့သည်။ စာ - ၂

## မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

စာ - ၃



## AFTEX 47th Council Session and 43rd Plenary Session

AFTEX ၏အဖွဲ့ဝင်ကိုယ်စားလှယ်များဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာနိုင်ငံအလိုက် National Report များကိုအသီးသီးတင်ပြခဲ့ကြပြီး AFTEX ၏ ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်နှင့်ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ် များအကြောင်းဆွေးနွေးကြသည်။

စာ - ၅

# မာတိကာ

## Activity


4th MGMA New Member's Orientation 2022 ........ ၂-၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........ ၄

AFTEX's 47th Council Session and 43rd Plenary Session ........ ၅-၆

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ........ ၇

Environmental Compliance Workshop ........ ၈-၉


## News


အလုပ်သမားဥပဒေရေးရာအသိပညာပေးနှင့် WCC သင်တန်း........ ၁၀-၁၁

Voluntary Labor Compliance Assessment စစ်ဆေးခြင်း ........ ၁၂


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Mobile Healthcare Service to MGMA Members' piloted factory, supported by UNICEF | Ongoing | TBC |
| 2. | Upgrading clinic facilities and breastfeeding room to MGMA Members' piloted factory, supported by UNICEF | Ongoing | In-Factory |
| 3. | Industrial Engineering Training | TBC | MGHRDC |
| 4. | Practical Application of HR Management in Apparel Industry, Supported by AAM Myanmar | August 17-18-19 | MGHRDC |
| 5. | Income Management Training , Supported by AAM Myanmar | August 10 | MGHRDC |
| 6. | Covid test kit distribution to MGMA Members' piloted factory, supported by AAM Myanmar | TBC | In-Factory |

## Membership Update


New Members in July 2022........ ၁၃

Membership update as of July 2022 ........ ၁၃

# 4th MGMA New Members' Orientation 2022

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှကြီးမှူးကာ 4th MGMA New Members' Orientation 2022 ကို ဇူလိုင်လ ၁၈ ရက်က MGHRDC ၌ပြုလုပ်ခဲ့သည်။





အခမ်းအနားတွင်ရှေးဦးစွာ MGMA ၏ ဒု-ဥက္ကဌ ဦးကျော်ဝင်းမှ အဖွင့်အမှာစကားပြောကြား ခဲ့ပြီးတက်ရောက်လာသည့် MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များမှတစ်ဦးချင်းမိတ်ဆက် စကားပြောကြားခဲ့သည်။ MGMA ၏ မန်နေဂျင်းဒါရိုက်တာ၊ အလုပ်သမားရေးရာအရာရှိ၊ စီနီယာ စီမံခန့်ခွဲမှုအရာရှိ နှင့် MGHRDC ၏ မန်နေဂျာတို့မှ MGMA ၏ လတ်တလော လုပ်ဆောင်ချက်များ၊ Service Offering, resource center fabric


Chairman of MGMA U Myint Soe



Vice-Chairman of MGMA U Kyaw Win giving opening speech





library အကြောင်း နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသောပရောဂျက်လုပ်ငန်းများ အကြောင်းကိုအသီးသီးရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် MGMA မှဦးဆောင်ကာ တက်ရောက်လာသောအဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိသူများကို Fabric resource center နှင့် မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းလုပ်ငန်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာတွင်သင်တန်းသင်ကြားနေမှုများကိုလိုက်လံရှင်းလင်းပြသပေးခဲ့သည်။ အခမ်းအနားသို့ MGMA ၏ ဥက္ကဌ၊ ဒုဥက္ကဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိသူ (၄၁) ယောက်တို့ တက်ရောက်ခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။



MD of MGMA presenting MGMA's activities



Group Photo



Labour Officer of MGMA presenting
Employer's Package



Manager of MGHRDC presenting
about MGHRDC



Sr.Administrative Officer of MGMA
presenting online license process



Fabric Resource Center



Orientation tour to fabric resource center



Orientation tour to MGHRDC

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၆ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့ပြီး အသင်း၏ဥက္ကဋ္ဌ မှ Zoom ဖြင့်တက်ရောက်ခဲ့သည်။










အစည်းအဝေးအား MGMA ၏ မန်နေဂျင်းဒါရိုက်တာမှသဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှအသင်း၏လှုပ်ရှားမှုများ၊ သင်တန်းများကို စီမံကိန်းလုပ်ငန်းများနှင့်တွဲဖက်ဆောင်ရွက်နေမှုများ၊ Labour Law Awareness Training ကိုအသင်းဝင်စက်ရုံတိုင်းရရှိနိုင်စေရန် ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အာဆီယံ AFTEX Meeting နှင့်အခြားသော Event များပြန်လည်စတင်နိုင်စေရေး၊ MOC နှင့် အွန်လိုင်းလိုင်စင်စစ်ဆေးရာတွင် စနစ်အချို့၏အခက်အခဲများကျော်လွှားနိုင်ရေးတို့နှင့်ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

# AFTEX's 47th Council Session and 43rd Plenary Session






A F T E X

ASEAN Federation of Textile Industries (AFTEX)'s 47th Council Session and 43rd Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကျင်ထွန်း၊ ဦးသိန်းဖေဝင်း၊ ဦးအောင်မျိုးဟိန်း၊ ဦးထွန်းထွန်း၊ ဒေါ်ယဉ်ယဉ်မိုးနှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်တို့တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို Vietnam Textile and Apparel Association (VITAS) မှဦးဆောင်ကာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်က Zoom Application ဖြင့်ပြုလုပ်ခဲ့သည်။ AFTEX ၏ ဥက္ကဋ္ဌ Mr.Giang Yu Duc ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ် အတွက် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာကိုအတည်ပြုခဲ့သည်။ ထို့နောက် AFTEX ၏အဖွဲ့ဝင်ကိုယ်စားလှယ်များဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့မှ



ကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာနိုင်ငံအလိုက် National Report များကိုအသီးသီး တင်ပြခဲ့ကြပြီး AFTEX ၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်နှင့်ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအကြောင်းဆွေးနွေးကြသည်။ AFTEX ဟောင်ကောင်မှ Prime Source Forum အားထိုင်းနိုင်ငံတွင်ကျင်းပမည်ဖြစ်ကြောင်း မိတ်ဆက်ပြောကြားခဲ့ပြီး အခြားသော AFTEX အဖွဲ့ဝင်နိုင်ငံများဖြင့် Forum တွင် ပူးပေါင်းဆောင်ရွက်ကြမည့်ကိစ္စရပ်များဆွေးနွေးခဲ့သည်။







အစည်းအဝေးသို့ Vietnam Textile and Apparel Association (VITAS), Garment Manufacturers Association in Cambodia (GMAC), Indonesia Textile Association (API), Association of the Lao Garment Industry (ALGI), Malaysian Textile Manufacturers Association (MTMA), Myanmar Garment Manufacturers Association (MGMA), Confederation of Garment Exporters of the Philippines (CONGEP), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) မှတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



Hong Kong Myanmar Manufacturer's Association (HKMMA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်က Four Seasons Seafood Restaurant ၌ပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းအသင်းလေးခုဖြစ်သော မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), HKMMA (Hong Kong), KOGAM (Korea), JGMA (Japan) and CTGA (China) တို့မှဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး အသင်းလေးသင်း၏ပုံမှန်တွေ့ဆုံနေကျအကြောင်းကိစ္စရပ်များကိုဖလှယ်ခဲ့ကြသည်။

# Environmental Compliance Workshop



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး Environmental Compliance Workshop ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက် က MGHRDC ၌ LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ ယခုအလုပ်ရုံဆွေးနွေးပွဲသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှုများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းခွင်အတွက်လိုက်နာဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်စေရန် ပြုလုပ်ခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။ Myanwei Environmental Solutions Co., Ltd မှ သင်တန်းနည်းပြအဖွဲ့က Myanmar's Law relating to Environmental Management, Environmental compliance management approach, EIA procedure, legal, social compliance policies များအကြောင်း၊ အထည်ချုပ်စက်ရုံများ၏လမ်းညွှန်ချက်များ၊သဘာဝပတ်ဝန်းကျင်ဆိုင်ရာအလေ့အကျင့်များနှင့် လူမှုရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာသက်ရောက်မှုများဖြင့်ဆက်စပ်သည့်မြေပြင်အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးမှုများဖြင့်ရှင်းလင်းသင်ကြားခဲ့သည်။ သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံ (၂၀) မှ သင်တန်းသား (၃၂) ယောက် တက်ရောက်ခဲ့သည်။ သင်တန်းနောက်ဆုံးနေ့တွင် MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှသင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်စကားပြောကြားခဲ့ပြီး အောင်မြင်စွာပြီးဆုံးခဲ့သည်။



MD of MGMA explaining workshop's objective



Group Photo






**Trainer presenting environmental compliance**

**Trainer presenting environmental compliance**





**Group Discussion**

**Participants**

# အလုပ်သမားဥပဒေရေးရာအသိပညာပေး နှင့် WCC သင်တန်း

**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အလုပ်သမားဥပဒေ ရေးရာအသိပညာပေးနှင့် WCC သင်တန်းကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်ရှိ စက်ရုံ (၃) ရုံ၌ UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။**



စက်မှုလုပ်ငန်းများပိုမိုတိုးတက်ပြီးအထည်ချုပ်လုပ်သားများအတွက်ပိုမိုကောင်းမွန်သောလုပ်ငန်းခွင်များဖန်တီးနိုင်စေရေးအတွက်လိုအပ်သော Soft Skills များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ကာပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းကို ဇူလိုင်လ ၈ ရက်တွင် Hyatt Knitwear Co.Ltd ၌လည်းကောင်း၊ ဇူလိုင်လ ၁၅ ရက်တွင် Star Sandar Garment and General Economic Co-Op Society Limited ၌လည်းကောင်း၊ ဇူလိုင်လ ၂၆ ရက်တွင် Unique HTT Co.,Ltd ၌လည်းကောင်းပြုလုပ်ခဲ့သည်။

သင်တန်းများတွင် MGMA ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ သင်တန်းရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့ပြီး Labour Officer ဦးမင်းစိုးဟန်မှ Employment, Work Hours, Payment of Wages, Employment Termination, Leave Holiday, Workplace Coordination Committee (WCC), Settlement of Labour Dispute များကိုအမေးအဖြေကဏ္ဍများဖြင့် သင်ကြားပေးခဲ့သည်။ အထည်ချုပ်စက်ရုံလုပ်သားများအတွက် လိုအပ်သော Soft Skills များတွင် အလုပ်သမားဥပဒေအသိပညာပေးခြင်းသည်တစ်ခုအပါအဝင်ဖြစ်ပြီး သင်တန်းသို့ Hyatt Knitwear Co.Ltd မှ ဝန်ထမ်း (၁၈) ဦး ၊ Star Sandar Garment and General Economic Co-Op Society Limited မှ ဝန်ထမ်း (၂၅) ဦး၊ Unique HTT Co.,Ltd မှ ဝန်ထမ်း (၂၆) ဦး အသီးသီးတက်ရောက်ခဲ့ကြသည်။ တက်ရောက်လာကြသည့် သင်တန်းသား များကို သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးခဲ့ပြီး Piloted စက်ရုံများသို့ Labour Law Vinyl, MGMA CoC Vinyl, Nutrition Bowl, Nutrition pamphlet များဖြန့်ဝေပေးခဲ့သည်။



MD of MGMA explaining the project's objectives



Labour Officer of MGMA presenting Labour Law at Star Sandar Garment



Hyatt Knitwear Co.Ltd



Star Sandar Garment and General Economic Co-Op Society Limited



Unique HTT Co.,Ltd




Distribution Nutrition Bowl



Distribution MGMA CoC Vinyl



Distribution Nutrition Pamphlet



Distribution MGMA CoC Vinyl

# Voluntary Labour Compliance Assessment စစ်ဆေးခြင်း



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ တွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ ရွှေသံလွင်စက်မှုဇုန်ရှိ Saiform International Garment Myanmar Co.,Ltd, Yangon Industrial Park ရှိ Great Glowing Investment Co.,Ltd နှင့်လှိုင်သာယာစက်မှုဇုန် (၅) ရှိ Hyatt Knitwear Co.,Ltd. တို့ဖြစ်သည်။ Saiform International Garment Myanmar Co.,Ltd သို့ ဇူလိုင်လ ၁ ရက်တွင်လည်းကောင်း၊ Great Glowing Investment Co.,Ltd သို့ ဇူလိုင်လ ၂၀ ရက်တွင်လည်းကောင်း၊ Hyatt Knitwear Co.,Ltd သို့ ဇူလိုင်လ ၂၉ ရက်တွင်လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။ စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကိုအသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Great Glowing Investment Co.,Ltd



Hyatt Knitwear Co.,Ltd



Saiform International Garment Myanmar Co.,Ltd

## UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Mobile healthcare service to MGMA Members' piloted factory, supported by UNICEF | Ongoing | TBC |
| 2. | Upgrading clinic facilities and breastfeeding room to MGMA Members' piloted factory, supported by UNICEF | Ongoing | In-Factory |
| 3. | Industrial Engineering Training | TBC | MGHRDC |
| 4. | Practical Application of HR Management in Apparel Industry, Supported by AAM Myanmar | August 17-18-19 | MGHRDC |
| 5. | Income Management Training , Supported by AAM Myanmar | August 10 | MGHRDC |
| 6. | Covid test kit distribution to MGMA Members' piloted factory, supported by AAM Myanmar | TBC | In-Factory |

## MEMBERSHIP UPDATE

New Members in July 2022

| **Country** | **No. of New Member Factories** |
|---|---|
| MC | 1 |
| Total | 1 |

Membership Update as of July 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 67 |
| | China | 283 |
| | Korea | 57 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 46 |
| Total (Active) | | 519 |
| Grand Total | | 769 |